# တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူပြာထွက်မည့်စင်တာအဖြစ် တည်ဆောက်

## ယူနန်ပြည်နယ်ပါတီအတွင်းရေးမှူးလီကျိဟိန်ကို တွေ့ဆုံမေးမြန်းခြင်း















ပါတီအထွေထွေအတွင်းရေးမှူး ရှီကျင့်ဖင် ယူနန်ပြည်နယ်သို့ လာရောက်လည်ပတ်ကြည့်ရှုစဉ် ယူနန်ပြည်နယ်အား တရုတ်ပြည်၏တောင်အာရှ၊အရှေ့တောင်အာရှသို့ မျက်နှာမူပြာထွက်မည့်စင်တာအဖြစ် တည်ဆောက်ရန် လမ်းညွှန်မှာကြားပေးခဲ့သည်။ ထိုသို့ သောသမိုင်းဝင်အခွင့်အလမ်းအောက်တွင် ယူနန်ပြည်နယ်အနေနှင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာထဲ မည်သို့ပင် ဝန်ဆောင်မှုပေး၍ ပါဝင်ဆောင်ရွက်ပြီး ဖြာထွက်မည့်စင်တာ တည်ဆောက်ရေးလုပ်ငန်းကို မည်သို့ အရှိန်အဟုန်မြှင့် ဆောင်ရွက်မည်နည်း။ ဒွါဒသမအကြိမ် ပြည်လုံးကျွတ်ပြည်သူ့ကွန်ဂရက် တတိယကြိမ်မြောက်အစည်းအဝေးကျင်းပစဉ်အတွင်း ယူနန်နေ့စဉ်သတင်းစာမှ သတင်းထောက်များသည် ပေကျင်းမြို့၌ ပြည်လုံးကျွတ်ပြည်သူ့ကွန်ဂရက်ကိုယ်စားလှယ်ဖြစ်သူ၊ ယူနန်ပြည်နယ်ပါတီအတွင်းရေးမှူး၊ ပြည်နယ်ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌ လီကျိဟိန်ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ယူနန်ပြည်နယ်သည် တရုတ်စီးပွားရေးစက်ဝိုင်း၊ အရှေ့တောင်အာရှစီးပွားရေးစက်ဝိုင်းနှင့် တောင်အာရှစီးပွားရေးစက်ဝိုင်းတို့၏ဆက်စပ်ရာအရပ်၌ တည်ရှိလျက်ရှိပါသည်။ တရုတ်ပြည်မှ တောင်အာရှ၊ အရှေ့တောင်အာရှတို့နှင့် ဆက်သွယ်သည့်နိုင်ငံတကာလမ်းမကြီး ဖြစ်ပါသည်။

အာရှ(၃)ပိုင်း(အရှေ့တောင်အာရှ၊ တောင်အာရှ၊ အနောက်အာရှ)သို့လည်း မျက်နှာမူ၊ သမုဒ္ဒရာ(၂)ခု(ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာ)ကိုလည်း ထမ်းပိုး၊ ပင်လယ်သမုဒ္ဒရာနှင့်မြစ်ချောင်းများသို့လည်း ပေါက်နိုင်သောဝိသေသပါပထဝီဝင်အားသာချက်များဖြင့် ပိုင်ဆိုင်ထားပါသည်။ နိုင်ငံတော်၏ "ဇုန်တစ်ဇုန်၊ လမ်းတစ်လမ်း"နှင့် ယန်စီမြစ် စီးပွားရေးဇုန်စသည့် မဟာဗျူဟာများကိုအကောင်အထည်ဖော်လာသည့်နှင့်အမျှ ယူနန်ပြည်နယ်သည် ပြည်ပသို့ တံခါးဖွင့်ရန်ဖြစ်သောနယ်စွန်နယ်ဖျားနှင့်အစွန်းအဖျားမှ တံခါးဖွင့်ရန်ရှေ့တန်းနှင့် ဖြာထွက်ရန်စင်တာသို့ ဖြစ်လာနေဆဲဖြစ်ပါသည်။ နိုင်ငံတော်၏ မဟာဗျူဟာကြီးနှစ်ရပ်အကောင်အထည်ဖော်ရန် မဟာဗျူဟာချင်းဆုံရာနေရာဖြစ်လာနေပါသည်။

လီကျိဟိန်က ယူနန်ပြည်နယ်အနေနှင့် တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူဖြာထွက်ရန်စင်တာ တည်ဆောက်ရေးတွင် စီးပွားရေးဖြာထွက်မှု၊ လမ်းပန်းဆက်သွယ်ရေးဖြာထွက်မှု၊ ဈေးကွက်ဖြာထွက်မှု၊ လူမှုရေးနှင့်အများဝန်ဆောင်ပေးမှုစွမ်းဆောင်ရည်ဖြာထွက်မှု၊ နည်းပညာနှင့်ပညာရေးဖြာထွက်မှုစသည့် အကြောင်းအရာများပါဝင်နေကြောင်း၊ အမာထည်တည်ဆောက်ရေးသာမက အပျော့ထည်စွမ်းအားမြှင့်တင်ရေးလိုအပ်ချက်လည်းပါဝင်ကြောင်း၊ အသေးစိတ်ပြောရလျှင် ယူနန်အား တောင်အာရှ၊အရှေ့တောင်အာရှ၏ဒေသဆိုင်ရာစီးပွားရေးစင်တာ၊မဟာဗျူဟာမြောက်အချက်အချာ၊ တရုတ်နိုင်ငံ၏ ပြည်ပသို့ တံခါးဖွင့်ပေးသည့်အမြင့်နေရာသစ်၊ အများဝန်ဆောင်ပေးမှုစခန်း၊ နိုင်ငံတော်မှ အနီးတဝိုက် ပတ်ဝန်းကျင် သင့်မြတ်စေရန် တည်ဆောက်ရေး၏ အရေးပါသောထောက်တည်ရာတို့အဖြစ် တည်ဆောက်ရန်ပင်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာကိုတက်ကြွစွာ ဝန်ဆောင်မှုပေး၍ပါဝင်ပြီး တောင်အာရှ၊ အရှေ့တောင်အာရှဖြာထွက်မှုစင်တာကို အရှိန်အဟုန်မြှင့် တည်ဆောက်နိုင်ရန် လိကျိဟိန်က (၁)အချက်မှာ ဒေသဆိုင်ရာစီးပွားရေးစင်တာကို အားသွန်ခွန်စိုက်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာလုပ်ငန်းစဉ်များခွဲဝေရေးတွင် တက်ကြွစွာပါဝင်ပြီး ထုတ်လုပ်မှုလုပ်ငန်းပြောင်းရွှေ့ရေးတွင် အသိရှိရှိနှင့်လက်ခံကာ ထုတ်လုပ်မှုဖွဲ့စည်းပုံကို အနိမ့်၊ အလယ် အဆင့်မှ အလယ်၊ အမြင့်အဆင့်သို့ တက်လှမ်းနိုင်ရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယူနန်အား နိုင်ငံတော်၏ အရေးပါသောအရင်းအမြစ်ဆိုင်ရာကုန်ထုတ်လုပ်ရေးစခန်း၊ တရုတ်ပြည်မှ အရှေ့တောင်အာရှနှင့် အိန္ဒိယသမုဒ္ဒရာကမ်းရိုးတန်းနိုင်ငံများသို့ မျက်နှာမူသောပြည်ပကုန်ထုတ်လုပ်မှုစခန်းနှင့် ပို့ကုန်သွင်းကုန်ထုတ်လုပ်အချောကိုင်ရန်စခန်းအဖြစ်တည်ဆောက်သွားရမည်ဖြစ်ကြောင်း (၂)အချက်မှာ အခြေခံအဆောက်အဦး၏အကန့်အသတ်များကို ကျော်လွှားရမည်ဖြစ်ကြောင်း၊ လမ်းကွန်ရက်၊ လေကြောင်းလိုင်းကွန်ရက်၊ စွမ်းအင်အာမခံကွန်ရက်၊ ရေကွန်ရက်၊ အင်တာနက်ကွန်ရက်ဟူသောအဆောက်အဦးဆိုင်ရာကွန်ရက်(၅)ခုကို အလေးပေးအချက်များအဖြစ် တည်ဆောက်ပြီး ပြည်ပသို့အရှေ့တောင်အာရှနှင့်တောင်အာရှ၊ ပြည်တွင်းသို့ အနောက်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့နှင့် ချိတ်ဆက်နိုင်သည့်အထွေထွေ လမ်းပန်းဆက်သွယ်ရေးစနစ်၊ စွမ်းအင်ပိုက်လိုင်းကွန်ရက်၊ ကုန်စည်စီးဆင်းမှုလမ်းကြောင်းနှင့် ဆက်သွယ်ရေးအဆောက်အဦးတို့ကို လျင်မြန်စွာ တည်ဆောက်ရမည်ဖြစ်ကြောင်း၊ (၃)အချက်မှာ တံခါးဖွင့်စီးပွားရေးစနစ်ကို အားထုတ်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံရေးခေါ်ယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပြီး ပြည်တွင်းပြည်ပအချောကိုင်ကုန်သွယ်ရေးအော်ဒါလက်ခံမှုနှင့် အချောကိုင်ကုန်သွယ်ရေးလုပ်ငန်းများပြောင်းရွှေ့မှုကို တက်ကြွစွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ချိတ်ဆက်၍ ပြီးပြည့်စုံသောခေတ်မီဈေးကွက်စနစ်များကိုထူထောင်ရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသငွေကြေးဆိုင်ရာအထွေထွေပြုပြင်စမ်းသပ်ရေးဇုန်တည်ဆောက်ရေးလုပ်ငန်းကို အစွမ်းကုန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် အဆင်ပြေချောမွေ့သောနယ်စပ်ဂိတ်ပေါက်လမ်းနှင့် ကုန်စည်စီးဆင်းမှုစနစ်ကို လျင်မြန်စွာဖြစ်ပေါ်စေရမည်ဖြစ်ကြောင်း၊ "ပြည်ပသို့ ထွက်" သည့်လုပ်ငန်းများအတွက်ပြီးပြည့်စုံသောဝန်ဆောင်မှုစနစ်ထူထောင်ပေးရမည်ဖြစ်ပြီး ယူနန်ပြည်နယ်အား တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူနိုင်မည့်ဒေသဆိုင်ရာကုန်ပစ္စည်းသွင်းယူဖြန့်ဖြူးရန်စင်တာ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုစင်တာနှင့် ငွေကြေးဘဏ္ဍာရေးစင်တာအဖြစ် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ (၄)အချက်မှာ အများဝန်ဆောင်ပေးမှုဝရန်တာကို အားထုတ်လုံးပမ်း တည်ဆောက်ရမည်ဖြစ်ပြီး ယူနန်အား တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူသည့်လူရည်ချွန်ပြုစုပျိုးထောင်ရေးစခန်း၊ ဆေးကုသရေးစခန်း၊ သိပ္ပံနှင့်နည်းပညာသုတေသနစခန်းနှင့် ယဉ်ကျေးမှုဖလှယ်ရေးစင်တာ ဖြစ်လာစေကြောင်း၊ တောင်အာရှကုန်စည်ပြပွဲနှင့်ကူမင်းကုန်စည်ပြပွဲတို့ကို အစွမ်းကုန်ကျင်းပရမည်ဖြစ်ပြီး ၄င်းပြပွဲတို့အား တရုတ်ပြည်မှ တောင်အာရှ၊ အရှေ့တောင်အာရှဒေသနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ အပြန်အလှန်အကျိုးရရှိစေသည့် ပြည်ပရေးရာဆက်ဆံရေးဝရန်တာ၊ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုဝရန်တာ၊ လူမှုယဉ်ကျေးမှုဖလှယ်ရေးဝရန်တာဖြစ်လာစေကြောင်း၊ (၅)အချက်မှာ အိမ်နီးချင်းနိုင်ငံများအကြား သင့်မြတ်ချစ်ကြည်ရေးနှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ဆောင်ရွက်ပြီး ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာ စီးပွားရေးစင်္ကြံတည်ဆောက်ရေးနှင့် မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်ရေးတို့တွင် တက်ကြွစွာ ပါဝင်ရမည်ဖြစ်ကြောင်း၊ အိန္ဒိယ၊ ယူနန်၊ မြန်မာ ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ကာ လာအိုနိုင်ငံမြောက်ပိုင်း၊ ဗီယက်နမ်နိုင်ငံမြောက်ပိုင်း၊ ထိုင်းနိုင်ငံမြောက်ပိုင်း ပူးပေါင်းဆောင်ရွက်ရေးစနစ်ကို ပြည့်စုံအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ချစ်ကြည်ရေးမြို့များနှင့်ပတ်ဝန်းကျင်ရှိဒေသများအကြား အပြန်အလှန် လည်ပတ်မှုနှင့် ဖလှယ်မှုများကို တက်ကြွစွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းစသည်ဖြင့်လီကျိဟိန်က ပြောကြားသွားပါသည်။

ထန်ကျင်ချွင်၊ ယင်ချောင်ဖင်၊ လီစောက်မင်

ပိုမိုများပြားသော
သတင်းအချက်အလက်များကို
သိလိုလျှင် ယူနန်အမြန်သတင်းစဉ်
ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn

# ယူနန်ပြည်နယ်အစိုးရနှင့်တရုတ်စက်မှုနှင့်ကုန်သွယ်မှုဘဏ်တို့သည် ပေကျင်းမြို့၌ မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ချုပ်ဆို "ဖုန်တစ်ဖုန် လမ်းတစ်လမ်း" အတွက် ဝန်ဆောင်မှုပေး၍ ငွေရေးကြေးရေးဖြင့် ထောက်ခံအားပေး

မတ်(၁၁)ရက်နေ့နံနက်တွင် ဒွေဒသမ အကြိမ်ပြည်လုံးကျွတ် ပြည်သူ့ကွန်ကရက် တတိယကြိမ်မြောက် အစည်းအဝေးရပ်နားစဉ်အတွင်း ယူနန်ပြည်နယ်အစိုးရနှင့် တရုတ်ပြည်စက်မှုနှင့် ကုန်သွယ်မှုဘဏ်တို့သည် ပေကျင်းမြို့၌ 《"ဖုန်တစ်ဖုန် လမ်းတစ်လမ်း" ငွေရေးကြေးရေးဝန်ဆောင်ပေးမှု မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်》 ကိုချုပ်ဆိုခဲ့ပြီး ရေရှည်တည်တံ့သော မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးတည်ထောင်ကာ ယူနန်အား "ဖုန်တစ်ဖုန် လမ်းတစ်လမ်း" မဟာဗျူဟာမြောက် ဆက်စပ်ဆုံဆည်းရာနေရာအဖြစ် တည်ဆောက်သွားကြမည်ဖြစ်ကြောင်း သိရပါသည်။

သဘောတူညီချက်အရ နှစ်ဦးနှစ်ဘက်တို့သည် ရေရှည်တည်တံ့သော မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးကို တည်ထောင်မည်ဖြစ်ကြောင်း၊ ယူနန်ပြည်နယ်အနေနှင့်ကောင်းမွန်မှုတယုံကြည်စိတ်ချရသည့်"ငွေကြေးဆိုင်ရာဂေဟပတ်ဝန်းကျင်"ကို တက်ကြွစွာ တည်ထောင်မည်ဖြစ်ကြောင်း၊ "ဖုန်တစ်ဖုန် လမ်းတစ်လမ်း"အတွက် အရေးကြီး စီမံကိန်းများနှင့် အရည်အသွေးမြင့် ကတ်စတန်မာများကို တင်မြှောက်ပေးမည်ဖြစ်ကြောင်း၊ ငွေရေးကြေးရေးလုပ်ငန်းအမျိုးမျိုးလုပ်ဆောင်ရန်အတွက် ထောက်ခံအားပေးကူညီပေးမည်ဖြစ်ကြောင်း၊တရုတ်ပြည်စက်မှုနှင့် ကုန်သွယ်မှုဘဏ်အနေနှင့် ငွေချေးရန်ပေါ်လစီ၊ ငွေချေးရန်ပမာဏနှင့် အသစ်တီထွင်ထားသည့်ငွေကြေးထွက်ကုန်များအပေါ် ယူနန်ပြည်နယ်၏ အခြေခံအဆောက်အဦးများတည်ဆောက်ရေး၊ နိုင်ငံတော်အဆင့်ထုတ်ကုန်လုပ်ငန်းများနယ်မြေ၊ နယ်စပ်ဖြတ်ကျော်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်၊ နိုင်ငံတော်အဆင့် နယ်စပ်ဂိတ်၊ ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်း၊ စက်နှင့်စက်ကိရိယာများ ထုတ်လုပ်ရေးလုပ်ငန်း၊ မြို့ပြစမ်းသပ်ရေးပွိုင့်စသည့် အရေးကြီးစီမံကိန်းများတည်ဆောက်ရေးတွင် အစွမ်းကုန် ထောက်ခံအားပေးမည်ဖြစ်ကြောင်း၊ ယူနန်ကို "ဖုန်တစ်ဖုန်လမ်းတစ်လမ်း" မဟာဗျူဟာမြောက် ဆက်စပ်ဆုံဆည်းရာပွိုင့်အဖြစ် အတူတကွ တည်ဆောက်သွားကြမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် တရုတ်ပြည်စက်မှုနှင့် ကုန်သွယ်မှုဘဏ်သည် ၂၀၁၅ ခုနှစ် မှ ၂၀၂၀ ခုနှစ်အထိ ယူနန်ပြည်နယ်အတွင်း ဆင်းရဲနွမ်းပါးသည့် တိုင်းရင်းသားလူနည်းစုအိမ်ထောင်မှ တက္ကသိုလ်ဝင် ကျောင်းသူကျောင်းသား (၃၀၀) ကို စာသင်နှစ်(၄)နှစ် ပြီးဆုံးသည်အထိ ပံ့ပိုးကူညီမည်ဖြစ်ကြောင်း သိရပါသည်။

ကမ္ဘာတွင် ကျော်ကြားပြီး အင်အားတောင့်တင်းသောဖွံ့ဖြိုးမှုပုံစံအမျိုးမျိုးရှိသောနိုင်ငံဖြတ်ကျော် ငွေကြေးလုပ်ငန်းအုပ်စုအဖြစ်နှင့် တရုတ်ပြည်စက်မှုနှင့် ကုန်သွယ်မှုဘဏ်သည် အရည်အသွေးကောင်းမွန်မြင့်မားသောကတ်စတန်မာ (ဖောက်သည်)အခြေခံ၊ အမျိုးစုံညီသောလုပ်ငန်းဖွဲ့စည်းပုံ၊ အားကောင်းသော အသစ်တီထွင်မှုစွမ်းရည်နှင့်ဈေးကွက်ပြိုင်ဆိုင်အားတို့ဖြင့် ပိုင်ဆိုင်ထားသဖြင့် ကမ္ဘာပေါ်တွင် တန်ဖိုးအမြင့်ဆုံးသော အမှတ်တံဆိပ်များအနက် တစ်ခုဖြစ်ပါသည်။

လွန်ခဲ့သည့်နှစ်များအတွင်း တရုတ်စက်မှုနှင့် ကုန်သွယ်မှုဘဏ် ယူနန်ပြည်နယ်ဘဏ်ခွဲသည် ငွေချေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီများအား အခက်အခဲများကျော်လွှားနိုင်ရန် ကူညီပေးခဲ့ပါသည်။ ဝန်ဆောင်မှုအဆင့်အတန်းကို အားထုတ်မြှင့်တင်ပေးရင်းယဉ်ကျေးမှုတည်ထောင်ရေးကို ထိရောက်စွာဆောင်ရွက်ခဲ့ပါသည်။ လူမှုရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပြီး ယူနန်ပြည်နယ်၏လုပ်ငန်းအရပ်ရပ်ဖွံ့ဖြိုးစေရေးအတွက် အားသွန်ခွန်စိုက်ထောက်ခံပေးခဲ့ပါသည်။

ယင်ချောင်ဖင်



## ကူမင်းတျန်းချီကွန်ဗင်းရှင်းစင်တာတည်ဆောက်ရေးလုပ်ငန်းအရှိန်မြှင့်ဆောင်ရွက်

မတ်(၆)ရက်တွင် သတင်းထောက်သည် ကူမင်းတျန်းချီနိုင်ငံတကာကွန်ဗင်းရှင်းစင်တာ၏ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အလုပ်များနေသည်ကို တွေ့မြင်ခဲ့ရပါသည်။ တာဝန်ခံမိတ်ဆက်ခြင်းအရ လက်ရှိတွင် ဆောက်လုပ်ရေးလုပ်ငန်းကို လျာထားသည့်အတိုင်း ခြေလှမ်းမှန်မှန် ဖော်ဆောင်လျက်ရှိကြောင်း၊ ဧပြီ ၃၀ ရက် မတိုင်မီ စီမံကိန်း၏(၁၄) မီတာအထက်ရှိစင်မြင့်မှ ပြခန်း(၁၃)ခန်းကို ပြီးစီး၍ လွှဲပြောင်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ မေ ၃၁ ရက် မတိုင်မီ ပြခန်းဇုန်အတွင်းလိုအပ်မည့် အစုံလိုက်အတပ်အဆင်များ၊ ခရီးသွားမြို့လေး၏မြေပြင်ဆောက်လုပ်ရေးလုပ်ငန်းနှင့်စီမံခန့်ခွဲရေးစသည့်ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းအရပ်ရပ်ကို ပြီးစီးနိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ်တောင်အာရှကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက်ကူမင်းကုန်စည်ပြပွဲကို တျန်းချီနိုင်ငံတကာကွန်ဗင်းရှင်းစင်တာရှိ ပြခန်းများတွင် အဆင့်အတန်းနှင့်အရည်အသွေးမြင့်မားစွာ ကျင်းပနိုင်ရန် အာမခံပေးရမည်ဖြစ်ကြောင်း သိရပါသည်။

သတင်းအရ ကူမင်းတျန်းချီနိုင်ငံတကာကွန်ဗင်းရှင်းစင်တာကို တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူပြီး အိန္ဒိယသမုဒ္ဒရာဈေးကွက်ကြီးသို့ တိုက်ရိုက်ဆက်သွယ်ပေါက်ရောက်နိုင်သော အရေးပါသည့်နိုင်ငံတကာစီးပွားရေးဝရန်တာအဖြစ် သတ်မှတ်ထားကြောင်း၊ "ဒေါင်းမြီးကားစွင့်၊ မင်္ဂလာနွေဦးမြို့"ဟူသောအတွေးအမြင်ဖြင့် ဒီဇိုင်းရေးဆွဲထားကြောင်း၊ စီမံကိန်းအရတောင်မြောက်အလျား ၂၆၀၀ မီတာ၊ အရှေ့အနောက်အနံ ၁၀၀၀ မီတာဖြစ်ပြီး မြေပြင်တွင် အမြင့် ၁၄ မီတာရှိထုထယ်လည်းကြီးမား၊ အကွက်ဆင်ချက်လည်း ကျယ်ပြန့်၊ အထပ်ထပ်အဆင့်ဆင့်ဖြင့် တည်ဆောက်ထားသော အကြီးစားမြို့ပြ၏အထွေထွေအဆောက်အဦးများဖြစ်ကြောင်း၊ ပြခန်းပြကွက်၊ ယဉ်ကျေးမှုထိတွေ့ခံစားမှု၊ အပန်းဖြေကစားမှုနှင့်စီးပွားကုန်သွယ်မှုလုပ်ငန်းများကိုပြေပြစ်ညီညွတ်စွာ ဖွံ့ဖြိုးတိုးတက်စေသည့်ကာဗွန်နိမ့်ဇီဝဂေဟပတ်ဝန်းကျင်ထိန်းသိမ်းပြီး စွမ်းဆောင်ချက်အမျိုးစုံလင်သည့်နိုင်ငံတကာကွန်ဗင်းရှင်းစင်တာနှင့်ခရီးသွားရေး၊ ယဉ်ကျေးမှုစံပြဇုန်ဖြစ်လာစေကြောင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် ကူမင်းတျန်းချီနိုင်ငံတကာကွန်ဗင်းရှင်းစင်တာပြခန်းနှင့်ပြခန်း၏ အစုံလိုက်တပ်ဆင်မှုဖြစ်သည့်အအေးအပိုင်းပင်မအဆောက်အဦးဆောက်လုပ်ရေးလုပ်ငန်းကို အားလုံး ပြီးစီးပြီဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဆောက်လုပ်ရေးလုပ်သားများသည် ပြခန်း၏အမိုးနှင့် ကွန်ကွက်စတီးလ် တည်ဆောက်မှု၊ လျှပ်စစ်စက်ပစ္စည်းတပ်ဆင်မှု၊ နံရံနှင့်အခန်းတွင်းတပ်ဆင်မှုလုပ်ငန်းများကိုအပူတပြင်းဆောင်ရွက်နေကြောင်း သိရပါသည်။

## မြန်မာနိုင်ငံကျေးလက်ဖွံ့ဖြိုးရေးမွမ်းမံသင်တန်း ကူမင်းမြို့၌ ဖွင့်လှစ်

ယူနန်ပြည်နယ်အစိုးရက ကြီးမှူး၍ ပြည်နယ်ကုန်သွယ်ရေးဦးစီးဌာနနှင့်ယူနန်ဘဏ္ဍာရေး နှင့်စီးပွားရေးတက္ကသိုလ်တို့မှ တာဝန်ယူကျင်းပသည့်၂၀၁၅ခုနှစ် မြန်မာနိုင်ငံကျေးလက်ဖွံ့ဖြိုးရေး မွမ်းမံသင်တန်းကို မတ် ၉ ရက်တွင် ယူနန်ဘဏ္ဍာရေးနှင့် စီးပွားရေးတက္ကသိုလ် နိုင်ငံတကာ စက်မှုနှင့်ကုန်သွယ်မှုကောလိပ်တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရပါသည်။

ယခုအကြိမ်မွမ်းမံသင်တန်းသည် တရုတ်-မြန်မာနှစ်နိုင်ငံခေါင်းဆောင်များက ရရှိထားသည့်သဘောတူညီချက်များအရ အကောင်အထည်ဖော်လိုက်သည့် ပူးပေါင်းဖလှယ်ရန် စီမံချက်တစ်ရပ်ပင်ဖြစ်ပါသည်။ မွမ်းမံသင်တန်းကို ရက်(၂၀)ကြာ ကျင်းပမည်ဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသက်ဆိုင်ရာအစိုးရဌာနများနှင့်ပြည်နယ်၊ တိုင်းများမှ အဆင့်မြင့်အရာရှိ(၂၀)တို့က ယခုအကြိမ်မွမ်းမံသင်တန်းသို့ တက်ရောက်ခဲ့ကြပါသည်။ ၎င်းအနက် ဒုတိယဝန်ကြီးအဆင့် အရာရှိ(၆)ဦးလည်း ပါဝင်ပါသည်။

ယူနန်ပြည်နယ်အရာရှိများ၏ ပြောကြားချက်အရ ယခုအကြိမ်မွမ်းမံသင်တန်းကျင်းပခြင်းသည် မြန်မာ့မိတ်ဆွေများနှင့်အတူ ကျေးလက်ဖွံ့ဖြိုးရေးအတွက် အဓိက လုပ်ပုံလုပ်နည်းများကို ဖလှယ်ရန်နှင့်မျှဝေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ နှစ်ဦးနှစ်ဘက်တို့၏ပူးပေါင်းဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးကို တိုးမြှင့်စေပြီး အတူတကွ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရပါသည်။

မြန်မာအရာရှိ၏ ပြောကြားချက်အရ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးသည် ကျေးလက်ဖွံ့ဖြိုးရေးအပေါ်တွင် မူတည်နေကြောင်း၊ ယူနန်၏လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွေ့အကြုံသည် မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးရေးအတွက် တက်ကြွသည့် အထောက်အကူပြုသည့် အခန်းထဲပါဝင်ပြီး အရေးပါသည့်မှီငြမ်းပြုရန်တန်ဖိုးလည်းရှိနိုင်ကြောင်း၊ လေ့လာခြင်းနှင့်ဖလှယ်ခြင်းအားဖြင့်တရုတ်-မြန်မာချစ်ကြည်ရေးကို ပိုမို တိုးမြှင့်ပြီး ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဖော်ဆောင်ကာ လူမှုရေး၊ စီးပွားရေးကို အရှိန်အဟုန်မြှင့် တိုးတက်စေနိုင်မှာဖြစ်ကြောင်းစသည်ဖြင့် ပြောကြားသွားပါသည်။

သတင်းအရ သက်ဆိုင်ရာဌာနများ၏ပူးပေါင်းမှုအောက်တွင် ပြည်နယ်ကုန်သွယ်ရေးဦးစီးဌာနသည် ကူမင်းမြို့၌ မြန်မာနိုင်ငံဖွံ့ဖြိုးရေးဇုန်များတည်ဆောက်ရေးဆိုင်ရာမွမ်းမံသင်တန်း၊ မြန်မာနိုင်ငံပို့ကုန်သွင်းကုန်စစ်ဆေးရေးနှင့် ရောဂါကာကွယ်ထိန်းသိမ်းရေးဆိုင်ရာမွမ်းမံသင်တန်းစသည့် အဆင့်မြင့်သီးသန့်မွမ်းမံသင်တန်းများကို ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရပါသည်။

ယန်ဟုန်ချွမ်း

# အာကွမ်းနှင့်၄င်း၏မြန်မာ့ကျောက်မျက်ပန်းချီကား

ကျောက်မျက်ပန်းချီကားသည်မြန်မာနိုင်ငံ၏ ရိုးရာအနုပညာ ပန်းချီလက်ရာတစ်မျိုးဖြစ်ပါသည်။ မြန်မာနိုင်ငံမှ မြစ်ဖျားခံပြီး တရုတ်နိုင်ငံတွင် ရေပန်းစားလာလျက်ရှိနေပါသည်။

ယူနန်ပြည်နယ် ရွှေလီမြို့၌ မြန်မာ့ကျောက်မျက်ပန်းချီကား ထုတ်လုပ်သူ၊ ရောင်းဝယ်သူ အများအပြား ရှိနေပါသည်။ သူတို့သည် ကျောက်မျက်ပန်းချီကားအား တရုတ်နိုင်ငံအတွင်းသို့ မြန်နိုင်သမျှ မြန်အောင် ဝင်ရောက်ပြီး ကမ္ဘာသို့ ထိုးဖောက်နိုင်ရန် မျှော်လင့်လျက်ရှိကြပါသည်။

အသက်(၂၀)ကျော်ရှိသော အာကွမ်းသည် မြန်မာနိုင်ငံတွင် မွေးဖွားလိုက်ခြင်းဖြစ်ပါသည်။

လူငယ်အရွယ်ဖြစ်သည့် သူသည် တရုတ်များ၏ ဉာဏ်သွားမှုနှင့် သွက်လက်ချက်ချာမှုကိုဆက်ခံနိုင်ရုံသာမက မြန်မာများ၏ ရိုးသားရိုသေမှုနှင့်လည်း ပြည့်စုံလျက်ရှိပါသည်။ ယခုနှစ်ပိုင်းများတွင် အာကွမ်းသည် မြန်မာနှင့် တရုတ်အကြားမှ ကုန်သန်းရောင်းဝယ်ရေးကို တောက်လျှောက် လုပ်ဆောင်ခဲ့ပါသည်။ မကြာသေးမီ အာကွမ်းသည် ကူမင်းမြို့သို့ ရောက်ရှိ၍ ထူးခြားသစ်လွင်သော ပန်းချီကားမျိုးဖြစ်သည့် မြန်မာ့ကျောက်မျက်ပန်းချီကားအကြောင်းကို ကျွန်တော့်အား အထူးမိတ်ဆက်ပေးခဲ့ပါသည်။

ကားဂိတ်ရှေ့တွင် တည်ရှိနေသည့် ကျောက်မျက်မြို့သည် ပြီးခဲ့သည့်နှစ်များအတွင်း ရွှေလီမြို့မှ ဖွံ့ဖြိုးထားသော ကျောက်မျက်ရောင်းဝယ်ရန် နေရာသစ် ဖြစ်ပါသည်။ အာကွမ်းသည် ယင်းနေရာ၌ သုံးထပ်တိုက်တစ်လုံး ငှားရမ်းပြီး ကျောက်မျက်ပန်းချီကားထုတ်လုပ်သည့် အချောကိုင်စက်ရုံအဖြစ် တည်ဆောက်ထားပါသည်။ ယင်းစက်ရုံအထဲသို့ ဝင်လိုက်သည်နှင့် နံရံ၏ထောင့်ကြားတွင် ဖြူနီညိုပြာ အရောင်အမျိုးမျိုးရှိသော ပုလင်းများနှင့်ပလတ်စတစ်အိတ်များ တင်ထားသည်ကို တွေ့ရသည်။ အာကွမ်းက ယင်းပုလင်းနှင့် ပလတ်စတစ်အိတ်များကို လက်ညှိုးထိုးပြီး ဤအရာပစ္စည်းများကား ကျောက်မျက်ပန်းချီကားထုတ်လုပ်ရန် အသုံးပြုမည့် ကုန်ကြမ်းများပင်ဖြစ်ကြောင်း၊ သူရန်ကုန်မြို့ရှိ ကျောက်မျက်ဈေးကွက်မှ ဝယ်ယူလာခြင်းဖြစ်ကြောင်း၊ အရောင်မျိုးစုံသော ကျောက်မျက်များပါရှိပြီး အမျိုး လေးငါးဆယ်ခန့်ရှိမည်ဖြစ်ကြောင်း ၄င်းက ရှင်းပြလိုက်ပါသည်။ ဤမျှများပြားသော မြန်မာ့သဘာဝကျောက်မျက်များကို ယင်းနေရာတွင် ဖြစ်သလိုပုံထားသည်ကို တွေ့ရသော် ကျွန်တော်သည် သံသယ မျက်လုံးဖြင့် အာကွမ်းကိုကြည့်ရင်း "ဒါတွေဟာ မြန်မာ့သဘာဝကျောက်မျက်အစစ်၊ ဟုတ်လား" ဟုမေးလိုက်သည်။

မြန်မာနိုင်ငံတွင် ကျောက်မျက်ရတနာပေါများကြောင်းကို အစောကြီးကတည်းက ကြားဖူးပါသည်။ သို့သော် ဤကဲ့သို့ မုန်ညင်းဖြူကဲ့သို့ ပလတ်စတစ်အိတ်နှင့် ပုလင်းများဖြင့်ထည့်ပြီး ဝယ်လာသည်ကိုမူ တစ်ခါမျှမတွေ့ဖူးပါ။ ကျောက်မျက်ပန်းချီကားကို ပြုလုပ်လိုလျှင် အရည်အသွေးနှင့် လက်ရာကို အလေးထားရမည်ဟု အာကွမ်းက ကျွန်တော့်ကို ပြောသည်။ သူတို့သည် ဖောက်သည်များအတွက် အာမခံကတိပြုချက် ပေးနိုင်ပြီး သူတို့အသုံးပြုခဲ့သည့် ကျောက်မျက် အလုံးတိုင်းသည် စစ်မှန်သော မြန်မာ့ သဘာဝကျောက်မျက်များဖြစ်ကြောင်း၊ ထုတ်လုပ်ထားသည့် ကျောက်မျက်ပန်းချီကား အချပ်တိုင်းအတွက် "တရုတ်ပြည်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ကျောက်မျက်ရတနာစစ်ဆေးသုတေသနစင်တာ" ၏ ကျောက်မျက် အကဲဖြတ်ခွင့်ပြုလက်မှတ်ပါရှိနေကြောင်း ၄င်းကပြောသည်။

လုပ်သားရှစ်ယောက်ကိုးယောက်တို့သည် အာကွမ်း၏ကျောက်မျက်ပန်းချီအချောကိုင်စက်ရုံတွင် ကြိုးစားပမ်းစားအလုပ်လုပ်နေကြပါသည်။ မြင်မြင်ချင်း စစ်မှန်သောမြန်မာနိုင်ငံသားဖြစ်ကြောင်း သိနိုင်ပါသည်။ သူတို့သည် ဇာဂနာဖြင့် အရောင်အမျိုးမျိုးရှိသော ကျောက်မျက်အကြေများကို ရွေးချယ်ပြီး မပြီးဆုံးသေးသော ပန်းချီကားချပ်ပေါ်သို့ စီခြယ်နေကြသည်။ မြန်မာနိုင်ငံ မိုးကုတ်မြို့မှ ထွက်ရှိသော ရောင်စုံကျောက်မျက်လေးတစ်လုံးလုံးကို လုပ်သားများမှ သေသပ်စွာ စီတန်းခြင်းအားဖြင့် အရောင်ရွှန်းတင့်ပြီး အထပ်အလှ ထင်ရှားပြတ်သားသော တရုတ်ဒြပ်စင် ပါဝင်သော ရောင်စုံကျောက်မျက် ပန်းချီကားတစ်ချပ်ချပ် ဖြစ်ပေါ်လာတော့သည်။ အာကွမ်း၏ မိတ်ဆက်ခြင်းအရ ကျောက်မျက်ပန်းချီကား ထုတ်လုပ်သည်မှာ စိတ်ရှည်လက်ရှည်လုပ်ရသည့် အလုပ်တစ်မျိုးဖြစ်ကြောင်း၊ ပထမဦးစွာ လုပ်သားများသည် ကျောက်မျက်များကို စေ့ငုသေချာစွာ ရွေးချယ်ရန် လိုအပ်ကြောင်း၊ ထို့နောက် ကျောက်စများကို အသင့်ဆွဲပြီးသော ပန်းချီကားပုံစံပေါ် ကပ်ပေးရကြောင်း၊ ကျောက်မျက်ပန်းချီကား၏ထုတ်လုပ်မှုမှာ အဓိကအားဖြင့် လက်ဖြင့်ဒီဇိုင်း ရေးဆွဲခြင်း၊ အနားဆွဲခြင်း၊ အမှုန့်ကြဲခြင်းနှင့် ခြယ်စီခြင်းဟူသော အဆင့်(၄)ဆင့် ခွဲထားကြောင်း၊ ကြားရသည်မှာ ရှုပ်ထွေးမှာ မဟုတ်သော်လည်း အမှန်စင်စစ်မှာ ကျောက်မျက်ပန်းချီကားတစ်ချပ် ပြုလုပ်ရာတွင် လုပ်သားများ၏ အတတ်ပညာ အရည်အချင်းနှင့် အမြင်အားစသည်တို့မှာ အထူးအရေးပါလှကြောင်း၊ လုပ်သားသည် အာရုံစူးစိုက်ပြီး ကျောက်စများကို တစ်လုံးပြီးတစ်လုံး ကပ်ပေးရကြောင်း၊ ခြေလှမ်း တစ်လှမ်းတိုင်းလက်ဖြင့် ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျောက်မျက်ပန်းချီကားကို ထုတ်လုပ်သည့်ဖြစ်စဉ်မှာ အလွန်နှေးကွေးကြောင်း၊ ပန်းချီကား တစ်ချပ်ပြီးစီးအောင် ထုတ်လုပ်ပါက တစ်လတာအချိန် လိုအပ်ကြောင်း၊ ဖြည်းဖြည်းလုပ်မှ လက်ရာမြောက်ဟုဆိုနိုင်ကြောင်း စသည်ဖြင့်ပြောပြသွားပါသည်။

ယခင်က ကျွန်တော် အင်တာနက်မှ ကျောက်မျက်ပန်းချီကားမှာ အများအားဖြင့် လက်ရာလည်းကြမ်းတမ်း၊ ပုံစံလည်း ဆင်တူရိုးမှားပြီး တီထွင်မှု အသစ်အဆန်း နည်းပါးသည်ကို တွေ့ရှိခဲ့ပါသည်။ သို့သော် အာကွမ်း၏စက်ရုံ၌ တွေ့မြင်သမျှ ကျောက်မျက်ပန်းချီကားမှာမူ မျက်စိပွင့်စေတော့သည်။ ယေဘုယျအားဖြင့် ကျောက်မျက်ပန်းချီကားပေါ်မှ အနီရောင်မှာ ပတ္တမြား၊ အပြာရောင်မှာ နီလာ၊ အစိမ်းရောင်မှာ ကျောက်စိမ်း၊ အခြား အရောင်အတွက် သလင်း၊ ဇာကိုနီယမ်၊ ဂေါ်မိတ်စသည့် ကျောက်ပျော့များ၏အကြေအမွများဖြင့် ထုတ်လုပ်ထားခြင်းဖြစ်ပါသည်။

အာကွမ်း၏ဆိုင်တွင် ထုတ်လုပ်သော ကျောက်မျက်ပန်းချီကားများအနက် ဈေးအကြီးဆုံးတစ်ချပ်ကို ဟောင်ကောင်ငွေ ၁. ၇၅သိန်းအထိ ရောင်းချခဲ့ပါသည်။ သာမန်ပန်းချီကားများမှာမူ တစ်ချပ်လျှင် ဟောင်ကောင်ငွေ နှစ်သောင်း သုံးသောင်းခန့် ရောင်းချလေ့ရှိပါသည်။ ယင်း လှပရွှန်းတင့်သော ကျောက်မျက်ပန်းချီကား တစ်ချပ်ချပ်တွင် ကရုဏာရှင် ကွမ်ယင်ရုပ်ပုံတော်၊ ရှုခင်းပန်းချီ၊ တိရစ္ဆာန်ပုံ၊ ပန်းမာန်ကြက်ငှက်ပုံတွေ ပါဝင်ပြီး အသက်ဝင်လှုပ်ရှား၍ သရုပ်သကန် ပေါ်လာပြီး သေသေသပ်သပ်လှလှပပရှိကာ တောက်ပရွှန်းလက်ပါတော့သည်။ ယင်းလက်လုပ်ပန်းချီကားလက်ရာများမှာ အထပ်အလွှာ ထင်ရှားပြတ်သားသည့်အပြင် အရောင်အဆင်းစပ်ထည့်ရာတွင်လည်း ပြေပြစ်လှသည်။ တီထွင်မှုအဆန်းအသစ်လည်း များလှသည်။ မကြာသေးမီ အာကွမ်း၏ ကျောက်မျက်ပန်းချီကားများကို ကူမင်းနိုင်ငံတကာကုန်သွယ်ရေးစင်တာ၌ ကျင်းပသော "ကူမင်းယဉ်ကျေးမှု တီထွင်မှုအဆန်းအသစ်များပြပွဲ"တွင် ပြပြချင်း အများ၏ အနှစ်ခြိုက်ခံခဲ့ရသည်။ အားလီပါးပါးဝင်ဆိုက်က အကြိမ်ကြိမ်ဖုန်းဆက်ပေးပြီး ဆက်သွယ်ခဲ့သည်။ ကျောက်မျက်ပန်းချီကားသည်တက်သစ်စအနုပညာလက်ရာဖြစ်ကြောင်း၊ ဈေးကွက်အလားအလာကောင်းမွန်လှကြောင်း၊ အားလီပါးပါးဝင်ဆိုက်နှင့် လက်တွဲ၍ ကြော်ငြာတင်ရောင်းချစေလိုကြောင်း အာကွမ်းတို့နှင့်ကမ်းလှမ်းခဲ့ပါသည်။


မြန်မာနိုင်ငံတွင် လက်ရာကြမ်းတမ်းမှုကြောင့်ကျောက်မျက်ပန်းချီကား၏ ဈေးနှုန်းမှာ မြင့်နိုင်မှာ မဟုတ်ပါ။ သို့ရာတွင် ကျောက်မျက်ပန်းချီကားသည် တရုတ်ပြည်အတွင်း ရေပန်းစားလာသည်နှင့်အမျှ ကျောက်မျက်ပန်းချီကားထုတ်လုပ်ရန် အတတ်ပညာလည်း စေ့စပ်သထက်စေ့စပ်လာပြီး ကုန်ကြမ်းအပေါ် တောင်းဆိုချက်လည်း မြင့်မားသထက် မြင့်မားလာနေပါသည်။

မြန်မာ့ရိုးရာအနုပညာလက်ရာဖြစ်သည့် ကျောက်မျက်ပန်းချီကားကို အာကွမ်းကဲ့သို့သော လူများ၏လက်ထဲတွင် ပိုမို ထွန်းကားရေပန်းစားလာတော့မှာ ဖြစ်ပါသည်။

ယွီဝင်













# ယဉ်ကျေးမှုယာဉ်ပေါင်းချုပ် တယ်ဟုန်၌လှည့်လည်တင်ဆက်

မတ်ဇရက်ညတွင်ယူနန်ပြည်နယ် အစိုးရယဉ်ကျေးမှုဦးစီးဌာနမှ ကြီးမှူးကျင်းပသော "တရုတ်အိပ်မက်·ယူနန်သံယောဇဉ် · ယဉ်ကျေးမှုယာဉ်ပေါင်းချုပ်·ရွာတစ်ထောင်အတွက် တာဝေးခရီးစဉ်" ပြည်သူ့အကျိုးပြု တင်ဆက်မှုကို မန်စီမြို့ရင်ပြင်တွင် အလှိုက်တလှဲကျင်းပခဲ့ကြောင်း သိရပါသည်။

ယခုအကြိမ် တက်ဆက်ကပြမှုထဲ ပါဝင်ခဲ့သည့် အဖွဲ့အစည်းများမှာ အဓိကအားဖြင့် အဆိုပါ တင်ဆက်မှုအဖွဲ့၏ အမှတ်(၁)အဖွဲ့ခွဲနှင့် တယ်ဟုန်ပြည်နယ်ခွဲ အနုပညာ တင်ဆက်ရေးအဖွဲ့မှ သရုပ်ဆောင်များဖြင့် ဖွဲ့စည်းလိုက်ခြင်း ဖြစ်ပါသည်။ တင်ဆက်ခဲ့သည့် အစီအစဉ်များမှာ ပေကျင်းအော်ပရာ၊ ဟွားတိန်း(မီးပုံးဇာတ်)၊ ဆပ်ကပ်၊ မျက်လှည့်၊ အကစသည်တို့ပါဝင်ပါသည်။ ကြည့်၍ကောင်းလှသည့် တင်ဆက်မှုများအတွက် ပရိသတ်များက တခဲနက် လက်ခုပ်သြဘာပေးကြပါသည်။ လက်ခုပ်သံ၊ သြဘာပေးသံများသည် တက်လိုက်ကျလိုက်နှင့် စည်ကားလှပါသည်။ ပရိသတ်များသည် အစိုးရနှင့် အထက်ယဉ်ကျေးမှုဌာနတို့မှ မြင့်မြတ်ကျန်းမာသော အနုပညာ လက်ရာများကို အိမ်တိုင်ရာရောက်ပို့ပေးခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း၊ တယ်ဟုန်ပြည်နယ်ခွဲရှိ နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များအား ပေကျင်းအော်ပရာ၊ အဆိုအကများကို ရှုစားစေပြီး နယ်ခံတိုင်းရင်းသားယဉ်ကျေးမှု၏ အဆီအနှစ်များကိုလည်း ခံစားစေမိကြောင်း၊ ပြည်သူလူထု၏ ယဉ်ကျေးမှုဘဝကို ကြွယ်ဝများပြား၍ ခေတ်မီယဉ်ကျေးမှုကို သိရှိနားလည်ခံစားရင်း အောက်ခြေ ပြည်သူလူထုအပေါ် ပါတီနှင့်နိုင်ငံတော်၏ ယဉ်ကျေးမှုဆိုင်ရာ ဂရုပြုမှုကိုလည်း လက်တွေ့ခံစားရမိကြောင်း စသည်ဖြင့် ပြောကြားကြပါသည်။

သတင်းအရ "ယဉ်ကျေးမှု ယာဉ်ပေါင်းချုပ် · ရွာတစ်ထောင်အတွက် တာဝေးခရီးစဉ်" ပြည်သူ့အကျိုးပြု လှုပ်ရှားမှုကို ၂၀၀၇ခုနှစ်ဇူလိုင်လမှ စတင်ဖွင့်လှစ်ပြီးသည့်နောက် ပြည်နယ် အဆင့်အနုပညာအဖွဲ့(၆)ဖွဲ့ဖြင့် ဖွဲ့စည်းထားသော အနုပညာအဖွဲ့သည် ယူနန်ပြည်နယ်၏ မြို့(ပြည်နယ်ခွဲ) (၁၆)ခုနှင့် ယူနန်အလယ်ပိုင်းကုန်ထုတ်လုပ်ငန်းစုစည်းရာဒေသမှ ခရိုင် ၁၂၉ ခရိုင်၊ မြို့နယ်(ကျေးရွာအုပ်စု) ၁၃၆၈ခုတို့ကို အန္တံ့တင်ဆက်ခဲ့ကြောင်း၊ ၁၆၆၀ပွဲ တင်ဆက်ခဲ့ပြီး ပရိသတ်ဦးရေမှာ ကုဋေနှင့်ချီခဲ့ကြောင်း၊ ယူနန်ပြည်နယ်အဆင့် ယဉ်ကျေးမှုအဖွဲ့များက သမိုင်းတွင် အတိုင်းအတာအကြီးမားဆုံး၊ အချိန်အကြာရှည်ဆုံး၊ စွမ်းအားအထက်မြက်ဆုံး၊ သရုပ်ဆောင်အင်အားအတောင့်တင်းဆုံးသော စံချိန်တင်ခဲ့သည့်ပြည်သူ့အကျိုးပြု ယဉ်ကျေးမှုတင်ဆက်မှု တစ်ကြိမ်ပင်ဖြစ်ကြောင်း သိရပါသည်။

ယန်ကော်ဖင်







## ကျင်းစင်းမင် – တိုင် (ရှမ်း) ဇာတ်နှင့်တစ်သက်တာ အဖော်လုပ်

"ကျေးဇူးပြုပြီး ကြော်ငြာ ပေးကြပါ။ တိုင်(ရှမ်း)ဇာတ်ကို ပိုများတဲ့လူတွေကို လာရောက်သင်ကြားစေပါ။ ဒီအနုပညာကို ဆက်ခံနိုင်မဲ့သူ များစေချင်ပါတယ်။ ခေတ်အဆက်ဆက် ထွန်းကားသွားစေချင်ပါတယ်"။ သတင်းထောက်သည် လွန်ခဲ့သည့်ရက်ပိုင်းက မန်စီမြို့ မှံ့ဟွမ့်မြို့နယ်ခွဲ အရှေ့တောင်ရပ်ကွက်တွင် နေထိုင်သော နိုင်ငံတော်အဆင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် တိုင်ဇာတ်၏ ကိုယ်စားပြုဆက်ခံသူ ကျင်းစင်းမင်နှင့် တွေ့ဆုံခဲ့သည်။ သတင်းထောက်နှင့်တွေ့တွေ့ချင်း ကျင်းစင်းမင်က အထက်ပါအတိုင်း တိုက်ရိုက်ပြောပြပေးသည်။

အသက်(၇၀)ကျော်ပြီး ဖြစ်သော ကျင်းစင်းမင်သည် အားမာန် တက်ကြွပြည့်ဖြိုးလျက်ရှိနေသည်ကို တွေ့မြင်ရသည်။ ၁၉၆၁ခုနှစ်တွင် သူ့ကို တယ်ဟုန်တိုင်တိုင်းရင်းသား ဂျိမ်းဖောတိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲမှ ဖွဲ့စည်းတည်ထောင်ထားသော တိုင်ဇာတ်အဖွဲ့သို့ အရွေးခံခဲ့ရသည်။ ထို့နောက် ယူနန်ပြည်နယ် ယူနန်ဇာတ်သဘင်အဖွဲ့မှ ချောင်ယူချင့်ထံ တပည့်ခံခဲ့သည်။ နောက်နှစ်တွင်ပင် ကျင်းစင်းမင်သည် ယူနန်ပြည်နယ် ပထမအကြိမ် တိုင်းရင်းသားလူနည်းစု ဇာတ်သဘင်များ စုပေါင်းတင်ဆက်ပွဲသို့ ပါဝင်ခဲ့သည်။ "ဟိုအချိန်က ကျွန်တော်(၁၈)နှစ်ပဲရှိသေးတယ်။ ပြိုင်ပွဲဝင်ခဲ့တဲ့တိုင်၊ ကျွမ့်၊ ပိုင်၊ ယီ တိုင်းရင်းသားလူမျိုးစု ဇာတ်သဘင်(၄)မျိုးမှာ ကျွန်တော် တင်ဆက်ခဲ့တဲ့《အော်ပင့်နဲ့စန်းလော့》ဟာ ပထမဆုရရှိနိုင်ခဲ့တယ်။ အဲဒီနောက် ပြည်နယ်ကို ကိုယ်စားပြုပြီး အနယ်နယ်အရပ်ရပ်သို့ လှည့်လည်တင်ဆက်ခဲ့ပါတယ်။" နှစ်(၅၀)ကျော်သွားသော်လည်း ကျင်းစင်းမင်သည် ထိုစဉ်တင်ဆက်ခဲ့သည့် အဖြစ်အပျက်များကို မျက်ဝါးထင်ထင် မှတ်မိနေဆဲပင်ဖြစ်သည်။

လွန်ခဲ့သည့် ရာစုနှစ်(၆၀) ဆယ်စုနှစ် အလယ်ပိုင်းကာလအတွင်း ကျင်းစင်မင်သည် မိဘနှစ်ပါးကို လိုက်ပါ၍ မြန်မာနိုင်ငံ လားရှိုးမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် နေထိုင်စဉ်အတွင်း ကျင်းစင်မင်သည် တိုင်(ရှမ်း)ဇာတ်ကို ဆက်လက် ဆည်းပူးခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံတွင် နာမည်ကျော်ကြားသည့် ရှမ်းဇာတ်ဆရာကြီးထံ တပည့်ခံ၍ တိုင်(ရှမ်း)ဇာတ်၏ တင်ဆက်မှုအတတ်နှင့် ဖန်တီးမှုတို့ကိုလည်း လေ့လာဆည်းပူးခဲ့သည်။ "ကျွန်တော် ငယ်စဉ်ကတည်းက တိုင်(ရှမ်း)စာရဲ့ အခြေခံ ကောင်းတယ်။

သင်ယူရတာလည်း မြန်တယ်။ နောက်တော့ တိုင်(ရှမ်း)ဇာတ် အဖွဲ့ဖွဲ့စည်းပြီး မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှာ တင်ဆက်ခဲ့တယ်။ ဟိုးလေးတကျော် ဖြစ်သွားသေးတယ်။" မိမိ၏ ထူးကဲလှသည့် အတွေ့အကြုံများကို စကားစပ်မိသဖြင့် ကျင်းစင်းမင်သည် ဂုဏ်ယူဝင့်ကြွားမိပါသည်။

၁၉၈၅ခုနှစ်တွင် တရုတ်ပြည်သို့ ပြန်ရောက်လာပြီးသည့်နောက် ကျင်းစင်းမင်သည် လုရှီးခရိုင် ယဉ်ကျေးမှုဗိမာန်မှ ကျေးလက်ဇာတ်သဘင် ဆိုင်ရာ နည်းပြဆရာအဖြစ် ဖိတ်ခေါ်ခံခဲ့ရသည်။ တိုင်(ရှမ်း)ဇာတ်သဘင်၏ တင်ဆက်မှုနှင့် ဖန်တီးမှုလုပ်ငန်းတို့ကို ဆက်လက် အာရုံစိုက်၍ ဆောင်ရွက်ခဲ့သည်။ ကျင်းစင်းမင်သည် "ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ သရုပ်ဆောင်" ဆိုင်ရာလုပ်ငန်းများကို တစ်ကိုယ်တည်း ထမ်းဆောင်ပြီး《သုံးချိန်မွှေးမိန်းကလေး》၊《အိုက်ကျင်းနှင့် ရှမ်းလွင်》၊《လန်းမားဝူ ခရီးစဉ်》၊《အာလွမ်လော့ယုံဟန်》စသည့် တိုင်(ရှမ်း)ဇာတ်လမ်းများကို ဖန်တီး ပြုပြင်ခဲ့သည်။《အကုသိုလ်(၆)ခု သုတ်သင်ခြင်း》၊《မူးယစ်ဆေးဝါးတားမြစ်ခြင်း》၊《အတာသင်္ကြန်ဂုဏ်ပြုတေး》စသည့် ထူးချွန်သော တိုင်(ရှမ်း)တေးဆိုပုံပြောအနုပညာအစီအစဉ်များကိုလည်း ဖန်တီးခဲ့သည်။ ယခုအချိန်တွင် ကျင်းစင်းမင်သည် တိုင်(ရှမ်း)ဇာတ်ဆက်ခံသူများ ပြုစုပျိုးထောင်ရေးနှင့် တိုင်ဇာတ်အချို့၏ သင်ရိုးညွှန်းတမ်း ရေးဆွဲပြုစုရေး လုပ်ငန်းများကို အဓိကထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ "ခေတ်ကာလရဲ့ တိုးတက်ပြောင်းလဲခြင်းဟာ တိုင်ဇာတ်ဆိုတဲ့ ရိုးရာဇာတ်သဘင်မျိုးကို လူတွေက တဖြည်းဖြည်း လျစ်လျူရှုနေကြတယ်။ ကျွန်တော်ကတော့ တစ်သက်လုံး တတ်ထားသမျှနဲ့ တိုင်ဇာတ်သဘင်ကို ဆက်လက် ထွန်းကားသွားစေမည်" ဟု ကျင်းစင်းမင်က ပြောသည်။

သတင်းနှင့်ဓာတ်ပုံ။ ဝမ်ယွင်တွမ်း

### သက်ဆိုင်ရာလင့်ခ်များ-

တိုင်ဇာတ်ကို အစဦးပိုင်းတွင် ယင်ကျန်းခရိုင်၌ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ တယ်ဟုန်ပြည်နယ်ခွဲနှင့် ပေါင်စန်းဒေသတွင်းရှိ တိုင်တိုင်းရင်းသားများ စုဝေးနေထိုင်ရာနေရာ အချို့၌ ရေပန်းစားလာခဲ့သည်။ တိုင်ဇာတ်သည် ယူနန်ပြည်နယ်၏ တမူထူးခြားသည့် တိုင်းရင်းသား လူနည်းစုဇာတ်သဘင် တစ်မျိုးဖြစ်သည်။ ယနေ့ထက်တိုင် နှစ် ၂၀၀ နီးပါး ရှိခဲ့ပြီးဖြစ်သည်။

တိုင်ဇာတ်သည် တယ်ဟုန်ပြည်နယ်ခွဲတွင် နေထိုင်လျက်ရှိသော တိုင်တိုင်းရင်းသားများနှင့် ၄င်းတို့နှင့် ရောနှောနေထိုင်သော တအောင်းတိုင်ရင်းသား၊ အားချန်းတိုင်းရင်းသားတို့မှ အလွန်နှစ်ခြိုက်ကြသော အနုပညာပုံစံ တစ်မျိုးဖြစ်သည်။ တိုင်တိုင်းရင်းသား ယဉ်ကျေးမှုတွင် ကာလကြာရှည်စွာ အနည်ထိုင်မှု၏ အနုပညာအောင်မြင်မှုရလဒ် ဖြစ်သည်။

တိုင်းရင်းသားလူနည်းစု လက္ခဏာ၊ ပြည်သူလူထု လက္ခဏာ၊ နိုင်ငံတကာ လက္ခဏာတို့နှင့် ပြည့်စုံသော တိုင်းရင်းသားဇာတ်သဘင်အမျိုးအစား ဖြစ်သည်။

၂၀၀၆ခုနှစ်တွင် တိုင်ဇာတ်ကို နိုင်ငံတော်ကောင်စီ၏ ခွင့်ပြုချက်ဖြင့် ပထမအသုတ် နိုင်ငံတော်အဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းထဲ ထည့်သွင်း ခံခဲ့ရပါသည်။









